
Book Making

AMK creation

# သမီးလိမ္မာ
## ကလေးကဗျာများ



မင်းနိုခိုင်
(မောင်တော)

## ကဗျာဆရာ

## မင်းနီခိုင်(မောင်တော)၏

## ကိုယ်ရေးအတ္ထုပ္ပတ္တိ

အဖ ဦးလွန်းအောင် (ကွယ်လွန်)၊ အမိ ဒေါ်မြသိန်းတန် (ကွယ်လွန်)တို့မှ ၂၃-၁-၁၉၄၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးကံသိန်းအောင်ဖြစ် သည်။ ငယ်စဉ်က မောင်တောမြို့အလက၊ အထက ကျောင်းများတွင် ပညာသင်ကြားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် တပ်မတော်(ရေတပ်)သို့ စတင်ဝင်ရောက် အမှုထမ်းခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် လုပ်သားများ ကောလိပ်မှ ဝိဇ္ဇာဘွဲ့ရပြီး တပ်မတော်ရေတပ်တွင် ပြန်တမ်းဝင်အရာရှိ ဖြစ်လာသည်။ စစ်ရေယာဉ်မှူး၊ တပ်မှူး ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် စစ်မှုထမ်းကောင်းတံဆိပ် နှင့် ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်မှ “သူရဲကောင်းမှတ်တမ်းဝင်”တံဆိပ်များ ချီးမြှင့်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး ရေကြောင်းပြမှူး ကြီး (Pilot)အဖြစ် လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ သက်ပြည့်အငြိမ်းစားယူပြီးဖြစ်ပါသည်။ ကျောင်းနေစဉ်ကပင် ကဗျာများရေးသားခဲ့ပြီး ယခုတိုင် လစဉ်ထုတ်မဂ္ဂဇင်းများတွင် ကဗျာများ ရေးသားနေဆဲဖြစ်ပါသည်။ အရဏ်ဦးအလှကဗျာ ပေါင်းချုပ်စာအုပ် ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဝင်တစ်ဦးဖြစ်သည်။ ယခုအခါ

မိသားစုနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန် ကုန်မြို့တွင်
နေထိုင်လျက်ရှိပါသည်။

***

## မင်းနီခိုင်(မောင်တော)၏

## ဖြိုးစင်ကြည်လင်အလှဆင်သူ ... ရွှေရုပ်သွင်

## ကလေးကဗျာများ

လူတိုင်း၏ ရင်ထဲတွင် ရင်သွေးငယ်လေးများအပေါ် ချစ်ခင်ကြင်နာစိတ်ရှိကြသည်။ သူတို့လေး တွေအားလုံး ပန်းကုံးပန်းခတ်များသဖွယ် အလှခြယ်နေကြသည်။ သူတို့လေးတွေ၏ နေပုံထိုင်ပုံဆော့ ကစားနေပုံအားလုံး မြင်ရသူတို့၏ နှလုံးသားကို စိုပြည်လန်းဆန်းစေသည်။

လောက၏ အလှတရားမှန်သမျှ၌ အကြည်ဓာတ်ရှိမြဲပင်။ ကလေးငယ်များ၏ ပကတိသွင်ပြင် တွင် အကြည်ဓာတ်ကို ဖျတ်ခနဲ ဖြိုးခနဲ ပြက်ခနဲ သည်းသည်းကွဲကွဲ မြင်ရတတ်သည်။ အဆိုပါ အကြည်ဓာတ်ကလေးကို အခြေခံကာ သူတို့လေးတွေ၏ ဘဝတာစတင်ခဲ့ကြရသည်။ သူတို့ လေးတွေသည် ရိုးသားစွာဖြင့်ပင် မျက်လုံးလေး အဝိုင်းသားနှင့် လောကပြတင်းကို ဖွင့်လှစ်ကြည့်တတ် ကြသည်။ ကလေးတို့၏ စိတ်အစသ်တွင် အရောင်မြင်ဝါဒရှိသည်။ ဒါကို လူကြီးတိုင်းသိချင်မှ သိကြပေ လိမ့်မည်။ ကောင်းကင်ပေါ်မှ သက်တံ့ခုံးခုံးလေးကို သူတို့ ငေးကြည့်နေကြသည်။ သက်တံ့များတွင် ရောင်စဉ် ခုနှစ်သွယ်ရှိသည်။ ခရမ်းရောင်၊ မီးခိုးရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ် မော်ရောင်၊ အနီရောင် ...။

သူတို့က သူတို့မြင်နေရသည့်အတိုင်းပင် ။ သူတို့ရှေ့တွင်ရှိသော

ပုံဆွဲစာအုပ်ကို စာမျက်နှာ ဖြူ ဆွတ်ဆွတ်ပေါ်၌ သက်တံ့ပုံခုံးခုံးလေးကို ရေးဆွဲကာ ကောက်ကြောင်းဖွဲ့လိုက်သည်။ ပြီးတော့ သူတို့မှာ ရှိသော ပုံဆွဲပန်းချီဆေးခွက်၊ စုတ်တံ၊ ခဲရောင်စုံတောင့်၊ ဖယောင်းတောင့်၌ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်ဆေးများဖြင့် သူတို့ စိတ်ကူးစိတ်သန်း ဆန်းဆန်းကလေးကို အကောင်အထည်ဖော်လိုက် သည်။ သူတို့ရင်ထဲတွင် မြင်သည့်အတိုင်း သက်တံ့ရောင်စဉ် ခုနှစ်သွယ်က လှပစိုလွင်စွာ ပုံရိပ်ထင်ရပေတော့သည်။

ဟိုး .. .မိုးကုတ်စက်ဝိုင်းအောက်မှာ မြတ်ခင်းစိမ်းစိမ်းလေးရယ် ... ကွေ့ဝိုက်စီးဆင်း ညင်သာလွန်းလှသော ချောင်းရိုးလေးရယ် .. လေ့တစ်စင်းရွက်လွှင့်နေပုံရယ် .. ကလေးတွေ၏ ရင်ထဲ မှာ ကဗျာလေးတွေ ဖြစ်နေကြပေသည်။ ကဗျာကို ရွတ်ဆိုရတာ ကလေးတွေ နှစ်သက်ကြသည်။ ကဗျာသည် သာယာသော သံစဉ်များဖြင့် သူတို့၏ နှလုံးသားကို နွေးထွေးပွေ့ပိုက်ပေးသည်။ သူတို့ သည် မွေးပုံ့ရနံ့ ပန်းခင်း တမျှော်တခေါ်ကြီးပေါ် လိပ်ပြာလေးတွေ ရစ်ဝဲနေကြတာလည်း ကဗျာလို ချစ်အားပိုတတ်ကြသေးသည်။

သို့အတွက် .. လောကစာမျက်နှာတိုင်းတွင် ချစ်ခင်ဖွယ်ကောင်းသော ကလေးတွေ ရှိနေရခြင်း ပင်။ ကလေးတွေအတွက် နှစ်သက်ဖွယ်ရာ ကလေးကဗျာများလည်း ရှိလာရပေသည်။ ကျွန်တော့် သူငယ်ချင်း ကဗျာဆရာ မင်းနီခိုင်သည်လည်း ကလေး ချစ်တတ်သူမဟုတ်လား။ ထို့ကြောင့် သူ့ ကဗျာ လေးတွေက တစ်မျိုးချစ်စရာကောင်းနေသည်။ သူ့ကဗျာလေးတွေကြောင့် ကလေးတွေလည်း ပိုပြီး ပျော်ရွှင်ချမ်းမြေ့ လာကြလိမ့်မည်ထင်သည်။ သူ့ကဗျာက အလှတရားတစ်ခုပင်၊ ကလေးမျာအးပေါ် သူ့အချစ်များသည် ကဗျာစာအုပ်လေးကြောင့် ပိုပြီး ပေါ်လွင်လာသော အချစ်မေတ္တာဓာတ် ဖြစ်ပေလိမ့် မည်။

**ဆောင်းဝင်းလတ်**

**၅.၃.၂၀၁၃**

***

## မင်းနီခိုင်ရဲ့ "သမီးလိမ္မာ" ကလေးကဗျာများ

မြန်မာကလေးကဗျာကို စတင်တီထွင်သူမှာ ဆရာကြီး မင်းသုဝဏ်ဖြစ်သည်။ ဆရာကြီး မင်းသုဝဏ်သည် ကလေးကဗျာဖခင်ဖြစ်သည်။ ကိုလိုနီခေတ်တွင် အင်္ဂလိပ်နယ်ချဲ့ ကလေးကဗျာများ ကိုသာ ကျောင်းများတွင် သင်ကြားခဲ့ရသည်။ ထိုကဗျာများနေရာတွင် ကျွန်နံ့ကင်းဝေးသော မြန်မာ ကလေးများနှင့် နီးစပ်သော ကလေးကဗျာများကို စပ်နည်းသစ်တစ်မျိုးဖြင့် ဆရာကြီးမင်းသုဝဏ်က တီ ထွင်ခဲ့သည်။ ၎င်းပြင် ပုခတ်လွှဲချင်းများကိုလည်း ရေးစပ်ခဲ့သေးသည်။

ဆရာကြီးသည် ကလေးများကို ပျော်ရွှင်အောင်၊ မျိုးချစ်စိတ်ပေါက်အောင်၊ ပညာတတ်အောင် သင်ပေးရမည်ဟု ခံယူရသည်။ ဆရာကြီးသည် "သပြေသီးကောက်"ဥပုသ်စောင့်"၊ "ရွှေဥသြ"၊ "ပိုးစုန်း ကြူး"၊ "တောက်တဲ့"၊ "ပန်းသည်"၊ "ခရုလုံး စသော ကလေးများ နေ့စဉ် မြင်တွေ့နေကျ အကြောင်း အရာများကိုသာ ကဗျာဖွဲ့သည်။ ထို့ကြောင့် ဆရာကြီး၏ ကလေးကဗျာများသည် ကလေးများ၏ ရင် ထဲတွင် စွဲငြိစေသည်။ ထိုကလေးသည် အသက်အရွယ်ရလာသောအခါတွင်လည်း ဆရာကြီး၏ ကလေးကဗျာများကို အလွတ်ရနေတုန်းပင် တွေ့ရသည်။

မင်းနီခိုင်က ကျွန်တော့်ကို သူ့ကလေးကဗျာများအား ဖတ်ရှုပေးရန်လာပေးသည်။ ကဗျာဆရာ မကြီးနွယ်(စစ်တွေ)ကလည်း ကဗျာများကို ဖတ်ရှုလေ့လာပေးရန်မှာ ကဗျာဆရာကသာ အသင့်တော် ဆုံးဟု သူ့ကိုပြောခဲ့၍

ကျွန်တော့်ကို လာပေးခြင်းဖြစ်သည်။ မင်းနီခိုင်နှင့် ကျွန်တော်သည် တစ်နယ် တည်းသားချင်းများဖြစ်ကြသည်။ ကျွန်တော်သူ့ကလေးကဗျာများကို အချိန်ယူ၍ လေ့လာဖတ်ရှုခဲ့ သည်။ သူ့ကလေး ကဗျာများသည်။

အသံသာယာမှုကို တွေ့ရသည်။

ကလေးများ နားမလည်နိုင်တဲ့ ခက်ခဲတဲ့ စကားလုံးများကို မသုံးဘဲ ရိုးရိုးလေး သုံးထားတာ တွေ့ရသည်။

ကဗျာတစ်ကြောင်းနှင့် တစ်ကြောင်း ကူးဆက်ပုံကောင်းသည်။

ကလေးကဗျာများ၌ အဓိပ္ပာယ်မှာ ပေါ်လွင်မှုရှိသည်။

အကြောင်းအရာများလည်း ဆန်းသစ်၍ ရွတ်ဆိုမှု ကောင်းသည်။

ယနေ့ခေတ်သည် အိုင်တီခေတ်ဖြစ်သည်။ ခေတ်ရဲ့ ရုပ်ဝတ္ထုပစ္စည်းများသည် ဆန်းသစ်လာ သည်။ နိမိတ်ပုံအာရုံရုပ်များကလည်း ဆန်းကြယ်လာသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသကဲ့ သို့ ခေတ်ကို အမီလိုက်နိုင်ရန် အရေးကြီးသည်။ ခေတ်နောက်ကျလျှင် နိုင်ငံတိုးတက်မှု မရှိနိုင်ပေ။

မင်းနီခိုင်၏ ကလေးကဗျာများထဲမှ ကျွန်တော်သဘောကျသော ကဗျာတစ်ပုဒ်ကို ထုတ်နှုတ်၍ ခံစားရွတ်ဆိုမိသည်။

"သိပ္ပံခေတ်"

သားသား မီးမီး သိချင်တာ

အင်တာနက်မှာရှာ။

အချိန်မကြာအဖြေပေး

ကွန်ပျူတာ စွမ်းတယ်လေး။

ပညာရေးတွက် အသုံးဝင်

ဆော့ဂဲလ်များ စုံလင်။

တီထွင်ဆန်းသစ် ကြိုးစားပြု

သိပ္ပံတိုးတက်မှု

လောကအကျိုးပြု။

ကလေးကဗျာများ ပင်တိုင် အရေးကောင်းသူများမှာလည်း တချို့ကွယ်ပျောက်နေသည်ကို တွေ့ရသည်။ ယနေ့ ကလေးကဗျာများ ရှားပါးလာသည်။ ယခင်ကဆိုလျှင် မဂ္ဂဇင်းများတွင် ကလေး များအတွက် ပုံပြင်၊ ကလေးကဗျာများဖြင့် သီးသန့်ကဏ္ဍတစ်ခုပေးကြတာ တွေ့ဖူးသည်။ ကလေးများ အတွက် စာစောင်၊ မဂ္ဂဇင်းများမှာလည်း နည်းပါးလျက်ရှိနေသေးသည်။

ကလေးကဗျာစာအုပ်ဆိုလို့ တစ်နှစ်တစ်အုပ်တောင် အနိုင်နိုင်ထွက်ဖြစ်သည်ကို တွေ့ရှိရ သည်။ မင်းနီခိုင်ရဲ့ ကလေးကဗျာများကို ကျွန်တော် ဖတ်ရှုရွတ်ဆိုပြီးပါပြီ။ သူ့ကလေးကဗျာများသည် ကလေးများကို ပျော်ရွှင်အောင် အသိပညာရအောင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် အကျိုးပေး စွမ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**မောင်ကြွင်နွယ်**

***

## ကဗျာရေးသူရဲ့အမှာ

မင်္ဂလာပါကလေးတို့ရေ…

ကလေးတို့ရွတ်၊ ဖတ်ဖို့ "သမီးလိမ္မာ"ကလေးကဗျာ ပေါင်းချုပ်စာအုပ်ကို ဦးဦးထုတ်ဝေလိုက် တယ်။ ပထမဆုံးထုတ်ဝေခြင်းပေါ့ကွယ်၊ ဒီကဗျာပေါင်းချုပ်စာအုပ်မှာ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ပါပြီး သား ကလေးကဗျာတွေပါသလို၊ မပါသေးတဲ့ ကလေးကဗျာတွေလည်းပါတယ်။ အားလုံးပေါင်း ကလေးကဗျာ (၁၁၇)ပုဒ်ရှိတယ်။ ကလေးတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာများ စုံလင်အောင် ရေးဖွဲ့ ထားတယ်။ ဒေသန္တရဗဟုသုတလည်း တိုးပွားစေတယ်။ အိုင်တီခေတ်ရဲ့ သိပ္ပံပညာစွမ်းရည်ကိုလည်း သိစေချင်တယ်။

ကလေးတို့ ဘာသာတရားကို ရိုသေကိုင်းရှိုင်းတတ်အောင်၊ ပညာတတ်ကြီး ဖြစ်အောင်၊ နိုင်ငံ နဲ့ လူမျိုးကို ချစ်မြတ်နိုးအောင်၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့များကို ထိန်းသိမ်းနိုင်အောင်၊ တိုင်းရင်းသားချင်း စည်းလုံးချစ်ခင်တတ်အောင်၊ ယဉ်ကျေးလိမ္မာအောင်၊ ကာယဉာဏစာရိတ္တာ ဘက်စုံထူးချွန်အောင်၊ နိုင်ငံသားကောင်းဖြစ်အောင်စတဲ့ ရည်ရွယ်ချက်တွေနဲ့ပ ဦးဦး အပတ်တကုတ် ကြိုးစားရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ ထို့ပြင် ကဗျာအပုဒ်တိုင်းမှာလည်း ပုံလေးတွေ ရေးဆွဲပေးထားတယ်။

ကလေးတို့ နှစ်သက်မြတ်နိုးပျော်ရွှင်စွာ ကြိုဆိုပွေ့ဖက်ရွတ်ဖတ်ကြလိမ့်မယ်လို့ဦးဦး ယုံကြည် ပါတယ်။

ကလေးတို့ အားလုံး ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ။

ဦးဦး

မင်းနီခိုင်(မောင်တော)

***

**မေတ္တာသုတ်အကျိုး**

တို့တောရွာရဲ့ အရုဏ်ဦး

ငှက်ကလေးတွေ တေးဆိုမြူး။

ရွာဦးကျောင်းက အခုန်းမောင်းသံ

ဆွမ်းချက်ကြဖို့ နှိုးဆော်ပြန်။

သံဃာတော်တွေ ဆွမ်းခံကြွ

ဆွမ်းလောင်းလှူလို့ ကုသိုလ်ရ။

ဗုဒ္ဓရုပ်ပွား ရှေ့တော်မှာ

ပန်း၊ ရေ၊ ဆီ၊ မီး ကပ်လှူကာ။

မေတ္တာသုတ်ကို ရွတ်ဆိုပေး

ဝေနေယျ သတ္တဝါ ဘေးရန်ဝေး။ ။

**နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း**



***

**ရိုးရာယဉ်ကျေးမှု**

နံနက်စောစော အိပ်ရာထ

ရွတ်ဆို ဩကာသ။

ဗုဒ္ဓဘုရား ထံတော်မှာ

ဆီမီး ကပ်လှူကြ။

ငါးဖြာအနန္တ ကျေးဇူးတရား

ရှိခိုးဦးတင်ထား။

ဘိုး ဘွား မိဘ အစဉ်လာ

သားသား မမေ့ပါ။

ဘာသာတရား အခြေပြု

ရိုးရာ ယဉ်ကျေးမှု။ ။



***

**လူ့ဘောင်သာယာရေး**

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ

ဗုဒ္ဓဟောခဲ့တာ။

လူသားတိုင်းသာ ကျင့်ကြံပြီ

လောက ငြိမ်းချမ်းမှု။

အပြည့်သဘော ကောင်းမှုဆောင်

မကောင်းမှုကို ရှောင်။

ဖြူစင်အောင်သာ စိတ်ကိုမွေး

လူ့ဘောင် သာယာရေး။ ။



***